ရွာသစ်ကုန်းကျေးရွာ

ဘိုးဘေးအညာစုကျေးရွာအုပ်စု၊ ဝါးခယ်မမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

(၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဘိုးဘေးအညာစုကျေးရွာအုပ်စု၊ ရွာသစ်ကုန်းကျေးရွာ၊ ဝါးခယ်မမြို့နယ်

( စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက

ကူညီရေးဆွဲသည်။)

# မာတိကာ


မာတိကာ

စကားချီ

ရွာသစ်ကုန်းကျေးရွာသယံဇာတပြမြေပုံ၊ကျေးရွာရာသီခွင်ပြက္ခဒိန်၊Venn Diagraဝါးခယ်မမြို့နယ်

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများလက်လမ်းမီမှု-လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

(၅)　ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆)　ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(၇)　ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

(၈)　ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) စီမံကိန်းအကောင်အထည်ဖော်မည့်အချိန်ကာလ

(၉)　ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

(၁၀)　ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁)　စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) စီမံကိန်းဇယားများ

**(၁)　လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ၁　　လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

**(၂) သဘာဝအရင်းအမြစ်နှင့်ရာသီဥတုအခြေအနေ**

ဇယား ၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ

ဇယား ၃ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ**

ဇယား ၄ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်း

**(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၆ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား ၇ အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား ၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၉ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ

**(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ဇယား ၁၀ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား ၁၁ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား ၁၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၁၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၁၄ လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား ၁၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

**(၆) ပညာရေး**

ဇယား ၁၆ ကျောင်းတက်နှုန်း

ဇယား ၁၇ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

**(၇) ကျန်းမာရေး**

ဇယား ၁၈ အဖြစ်များသောရောဂါများ

ဇယား ၁၉ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု

ဇယား ၂၀ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား ၂၁ သောက်သုံးရေရရှိနိုင်မှု

ဇယား ၂၂ အိမ်သာအမျိုးအစား

**(၈)　ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေ**

ဇယား ၂၃　ကျေးရွာ၏ ထိခိုက်သည့် ဘေးအန္တရာယ်များအခြေအနေ

**(၉)　သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များထိန်းသိမ်းမှုအခြေအနေ**

ဇယား ၂၄　သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များအခြေအနေ

**(၁၀)　ကျား-မရေးရာ**

ဇယား ၂၅　ကျား-မရေးရာ

ကိုးကားစာရင်း

**အပိုင်း(ခ)　စီမံချက်ဆိုင်ရာအချက်အလက်**

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

**စကားချီး**

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ခု (၆)လ ဘဏ္ဍာရေးနှစ် မှ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော မောင်းဒီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၊ ကျေးရွာရပ်မိ ရပ်ဖများ ၊ ကျေးရွာပြည်သူများနှင့် ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ ရွာသစ်ကုန်းကျေးရွာ၏ ကျေးရွာပြည်သူများ ပါဝင်ကာ စီမံကိန်း ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးကူညီပေးခဲ့သည့် စိုက်ပျိုးရေး ၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာရှိ ပညာရေး၊ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေး အတွက် အစီအစဉ် အစီအမံများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူတစ်ရပ်လုံးပါဝင်၍ စနစ်တကျရွေးချယ်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်မှု အားနည်းခဲ့ပါသည်။ ယခုအခါ ကျေးရွာ ပြည်သူလူထုများကိုယ်တိုင် တက်တက်ကြွကြွ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ကာ နည်းလမ်းစနစ်တကျအသုံးပြု၍ စဉ်းစားတွေးခေါ် တိုင်ပင်ဆွေးနွေး အဖြေရှာခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ်ရေးဆွဲနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျေးရွာဒေသဆိုင်ရာ လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ လူနေထိုင်မှု အကျင့်စရိုက်များစသည့် အသေးစိတ် စာရင်းများကိုပါ သိရှိဖော်ထုတ်နိုင်ခဲ့ပါသည်။

ကျေးရွာတွင်း အရေးကြီးလိုအပ်သည့် ကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခု၏ဆုံးဖြတ်ခြင်းမျိုးမဟုတ်ပဲအများပြည်သူဆန္ဒဖြင့် ပွင့်လင်းမြင်သာစွာစနစ်တကျ ရွေးချယ်ခဲ့သည့်အတွက် ကျေးရွာပြည်သူများ ပူးပေါင်း ပါဝင်တက်သည့် အလေ့အကျင့်ကောင်းများ၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းကျကျ ပွင့်လင်းမြင်သာစွာဆောင်ရွက်တက်သည့် အလေ့အကျင့်ကောင်းများပါ ရရှိစေသည့်အတွက် လွန်စွာတန်ဖိုးကြီးမားပါသည်။ ထိုပြင် ထပ်မံလိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဌာန ဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက် လုပ်ကိုင်ရမည်ကိုလည်း ကောင်းစွာနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလလတွင် ရရှိခဲ့သည့် အချက်အလက်များကို စုစည်း၍ ကောက်ယူထားခြင်းဖြစ်သော်လည်း နောင်ကာလများ တွင် ရရှိမည့် ကိန်းဂဏန်း ၊ ဒေသဆိုင်ရာအချက်အလက်များကို ထပ်မံစုစည်းထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံကောင်းမွန်လာမည်မှာ ဧကန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများနှင့် ရှေ့ဆက်၍ ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေး ၊ လူမှုရေး၊ ၊စီးပွားရေး၊ပညာရေး၊ကျန်းမာရေး၊သာရေး ၊ နာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပူးပေါင်း ပါဝင်မှုဖြင့် ဆောင်ရွက်သွားမည် ဆိုပါက မလွဲဧကန်တိုးတက်ပြောင်းလဲလာမည် ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစီးပေးအစီအစဉ်အလိုက် လုပ်ငန်း များစုစည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ ကျေးရွာပြည်သူများအနေဖြင့် မျှော်လင့်ပါသည်။ နောက် နောင်များတွင်လည်း ထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက် အခြေအနေများ ကို ဆန်းစစ်သုံးသပ်ရန် နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများလည်း ရရှိမည် ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။

ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရပ်မိရပ်ဖ နှင့် ကျေးရွာပြည်သူများပူးပေါင်း ပါဝင် ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေး စာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေ အနေများ၊ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၊ ကျေးရွာရှိလူမှုစီးပွားရေး အခြေအနေ စသည် များ၏ အသေးစိတ် အချက်အလက်များ ပါဝင် ရေးဆွဲထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရွာသစ်ကုန်းကျေးရွာ
ဘိုးဘေးအညာစုကျေးရွာအုပ်စု
ဝါးခယ်မမြို့နယ်

ရက်စွဲ၊၂၀၁၈ခုနှစ်၊ လ ရက်

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း / ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲခြင်းမျိုး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည့်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ၊ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်း များလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင် များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုး ရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့် ၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ(INGOs)၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အစိုးရမဟုတ်သော ဒေသဆိုင်ရာအဖွဲ့အစည်းများ(LNGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များ နှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင် မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာ နိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကိုအခြေခံ ကာဦးစားပေးစီမံချက်များချမှတ်ခဲ့ကြပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်း လင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်း များကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့်ကျေးရွာ လူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍လက်တွေ့အကောင်အထည် ဖော်ရာ တွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့်စီမံချက်များကိုနှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည် နှင့်လိုအပ်သောအ ရင်းအနှီးများပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဝါးခယ်မမြို့သည် ဧရာဝတီတိုင်းဒေသကြီး ၊ မြောင်းမြခရိုင် အတွင်းတွင်တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် (၄၅၉.၅၂) စရိယာစတုရန်းမိုင် ကျယ်ဝန်းပြီး မြောင်းမြမြို့နယ် ၊ အိမ်မဲ မြို့နယ်၊ ပန်းတနော်မြို့နယ် ၊ မအူပင်မြို့နယ် ၊ မော်လမြိုင်ကျွန်းမြို့နယ် ၊လပွတ္တာမြို့နယ်များနှင့် နယ်နိမိတ်ခြင်း ထိစပ်လျှက်ရှိပါသည်။ဝါးခယ်မမြို့နယ်တွင် မြို့(၂)မြို့ရှိပြီး ဝါးခယ်မမြို့ပေါ်ရပ်ကွက် (၁၄) ရပ်ကွက် ၊ ကျုံမငေးမြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက် စုစုပေါင်း(၁၉)ရပ်ကွက်ရှိပါသည်။ ကျေးရွာ အုပ်စု (၁၂၅) အုပ်စု ၊ ကျေးရွာပေါင်း(၅၈၁)ရွာ ရှိပါသည်။ မြေပြန့်ချိုင့်ဝှမ်း၊ မြေပြန့်လွင်ပြင်နှင့် မြစ်ချောင်းများရှိပြီး ကျန်မြို့နယ်များ၏ မြေပြန့် လွင်ပြင်မြစ်ချောင်းများနှင့် စပ်ဆက်လျက်ရှိ ပါသည်။

ဝါးခယ်မမြို့နယ်သည် မြစ်ချောင်းများ ပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်း မှာ ပြန့်မလောမြစ် ဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေး၊ သောက်သုံးရေ စသည်ဖြင့် အသုံးပြုနိုင်ပြီး သင်္ဘော၊ စက်လှေများလည်း သွားလာနိုင်သော မြစ်များဖြစ်ပါသည်။

ဝါးခယ်မမြို့နယ်သည် စိုစွတ်သောရာသီဥတုရှိပြီး မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၆ မိနစ်မှ ၁၆ဒီဂရီ ၅၀ မိနစ်ကြား၊အရှေ့လောင်တီကျူ ၉၅ဒီဂရီ၀၁မိနစ်မှ ၉၅ဒီဂရီ၃၀မိနစ်ကြားတွင် တည်ရှိပါ သည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇွန်လ၊ဇူလိုင်နှင့်ဩဂုတ်လ တို့ဖြစ်ပါသည်။

ရွာသစ်ကုန်းကျေးရွာသည် ဝါးခယ်မမြို့၏ အရှေ့တောင်အရပ်တွင် တည်ရှိ၍ ဘိုးဘောအညာစုကျေးရွာ အုပ်စုတွင် ပါဝင်ပြီး ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ဝါးခယ်မမြို့ နှင့် (၃) မိုင်ခွဲခန့် ကွာဝေးပြီး ကုန်းလမ်း ၊ ရေလမ်းခရီး (၂)မျိုးလုံး ဖြင့် သွားလာပါသည်။ ပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှာ ( လမ်းသမိုင်ရွာကြီး ၊ လမ်းသမိုင်ရွာလေး ၊မောင်းဒီး ၊ စစ်ချောင်း ) ကျေးရွာအုပ်စု စသည်တို့ဖြစ်ပါသည်။ ရွာသစ်ကုန်းကျေးရွာ သည် လယ်လုပ်ငန်း ၊ ရေလုပ်ငန်း၊ အရောင်းအဝယ် ၊ မွေးမြူရေးလုပ်ငန်းများ ကို အဓိကလုပ်ကိုင်သော ကျေးရွာလည်းဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်များ**

ရွာသစ်ကုန်းကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသော ဆေးဘက်ဝင်အပင်များဖြစ်သည့် ဖုန်းမသိမ်၊ ခွေးသေးပန်းပင်၊ သက်ရင်းကြီးပင်၊ ဒန္တသုခ ၊ မဏိသြဂ ၊ ကုန်းဇေဒါ စသည်တို့ ပေါပေါများများ ပေါက်ရောက်ပါ သည်။ ဖုန်းမသိမ် ၊ ခွေးသေးပန်းရွက်နှင့် ကုန်းဇေဒါ ကို ချောင်းဆိုး၊ ရင်ကျပ်ရောဂါ၊ သက်ရင်းကြီးပင်၊ ဒန္တသုခ နှင့် မဏိသြဂ ပင်တို့ကို အရိုး ၊ အဆစ်များနာကျင်၊ ရောင်ရမ်းခြင်း ရောဂါအနာများ အတွက် အသုံးပြုကြပါသည်။

**(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ရွာသစ်ကုန်းကျေးရွာတွင် အိမ်ထောင်စု (၁၅၂) စု ရှိပြီး လူဦးရေစုစုပေါင်း (၅၄၀)ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄)ဦးနှုန်း ခန့်ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းနှင့် နှိုင်းယှဉ်လျှင် အနည်းငယ် လျော့နည်းမှုရှိပါသည်။ သို့ရာတွင် အလုပ်လုပ်ကိုင်သောလူဦးရေသည် တစ်ရွာလုံး၏ ( ၆၉.၆၃ %) ခန့် ရှိသည့်အတွက် လက်ရှိအချိန်တွင် ကုန်ထုတ်လုပ်မှုအတွက်အားထားနိုင်သည့် လူ့အရင်းအမြစ် အသင့်အတင့်ရှိသော ကျေးရွာဖြစ်ပါသည်။ ယခုနှစ်ကောက်ယူခဲ့သည့် ကိန်းဂဏန်းများ၏ ဖော်ပြချက်များ အရ အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ အသက် (၁)နှစ်မှ (၁၅)နှစ် အထိ ကလေး ၊ လူငယ်တစ်ဦးနှုန်းခန့် ရှိသည့် အတွက် အနာဂါတ်ကာလ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဝင်ငွေရ အလုပ်များကို လုပ်ကိုင်မည့် လူဦးရေ အသင့်အတင့်ရှိနိုင်ပါသည်။

**(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု**

ကျေးရွာသူ/သားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စခေနအဆင့် ခွဲခြားမှု နည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၁၉.၇၃%) မှာ ဆင်းရဲသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။

အဆင်ပြေသော အိမ်ထောင်စုမှာ (၁၃)အိမ်သာရှိပါသည်။ အလတ်အလတ် အဆင့်မှာ အိမ်ထောင်စုမှာ(၁ဂ၉)ရှိပါသည်။ အိမ်အနေအထားများမှာ သွပ်မိုးအိမ်အချို့နှင့်ပျဉ်ထောင်အိမ်၊ ဝါး/ဓနိ အမျိုးအစားများဖြစ်ပြီး လယ်ယာလုပ်ငန်းသုံးကိရိယာ (လက်တွန်းထွန်စက်၊ ရေစုပ်စက်) စသည် တို့သာပိုင်ဆိုင်ကြပြီး လယ်လုပ်ငန်း ၊ ဥယျာဉ်ခြံ (ရာသီပေါ် သီးနှံအချို့စိုက်ပျိုးခြင်း) လုပ်ငန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းများ ၊ ဈေးဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်း၊ ကျပန်းလုပ်ငန်း၊ အိမ်အကူလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုအများစုမှာ ဝမ်းစာဖူလုံမှုအတွက် နေ့စားကျပန်းအလုပ်များ လုပ်ကိုင်ကြပြီး အလုပ်အကိုင်ရှားပါးသည့်အတွက် အခြားနေရာဒေသများသို့ သွားရောက်၍ လုပ်ကိုင်စားသောက်သူများလည်းရှိပါသည်။ စားနပ်ရိက္ခာ ဖူလုံမှုမရှိသည့် အိမ်ထောင်စုများမှာ ချေးငွေချေးယူခြင်း၊လုပ်အားကြွေးယူခြင်းတို့ဖြင့် ဝမ်းစာဖူလုံမှုအတွက်ဖြေရှင်းကြပါသည်။

ရွာသစ်ကုန်းကျေးရွာသည် ဗမာလူမျိုးများ အများစုနေထိုင်ကြပြီး ကရင်လူမျိုးအနည်းစု ရှိပါသည်။စည်းရုံး ညီညွတ်မှု ရှိပြီး ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါကလည်း ဝိုင်းဝန်း ဖြေရှင်းသည့်နည်းလမ်းကို အသုံးပြုကြပြီး အချင်းချင်း ကူညီရိုင်းပင်းကြပါသည်။ ကျေးရွာ တွင်အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးသည့်အတွက် အလွန်ဆင်းရဲသော အိမ်ထောင်စုများ အတွက် အခက်အခဲ တွေ့ကြုံ နိုင်ပါသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ရွာသစ်ကုန်းကျေးရွာသည် ဝါးခယ်မမြို့နယ် ပြည့်သူ့ဆေးရုံ နှင့် (၃)မိုင်ခန့်အကွာတွင် ရှိပြီး ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသဖြင့် နီးစပ်ရာကျန်းမာရေးဌာနများသို့သွားရောက် ရသည့်အတွက် ကျန်းမာရေးအတွက် အခက်အခဲရှိပါသည်။ နီးစပ်ရာကျန်းမာရေးဌာနများမှ ကာကွယ်ဆေးထိုးနှံမှုများကို လစဉ်နှင့်သတ်မှတ်လများအလိုက် ဆောင်ရွက်ပေးလျှက်ရှိပြီး စာသင်ကျောင်းများတွင် အာဟာရပညာပေး အစီအစဉ်များ နှင့် အာဟာရ တိုက်ကျွေးမှု ရက် သတ္တပတ် အစီအစဉ်များကိုလည်း နှစ်စဉ် ဆောင်ရွက်ပေးလျှက် ရှိပါသည်။ ရွာသစ်ကုန်းကျေးရွာ အတွင်းဝမ်းပျက်ဝမ်းလျှော၊ တီဘီ၊ သွေးလွန်တုပ်ကွေး၊ ဖျားနာခြင်း၊ သွေးတိုး၊ ဆီးချို၊ အသည်းရောဂါ(ဘီ၊စီ) စသည့်ရောဂါများအနည်းငယ် ဖြစ်ပွားလေ့ ရှိပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ရွာသစ်ကုန်းကျေးရွာတွင် မူလတန်းအဆင့်ကျောင်းနေသူ(၆၄)ဦး၊ အလယ်တန်းအဆင့်ကျောင်းနေသူ(၁၆)ဦး၊အထက်တန်းအဆင့်ကျောင်းနေသူ(၁၈)ဦး ၊ တက္ကသိုလ်/ကောလိပ်ကျောင်းနေသူ(၈)ဦးရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပြီး (၄)တန်းအထိသာ ပညာသင်ကြားခွင့်ရရှိပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကို အခြားနီးစပ်ရာကျောင်းများသို့ သွားရောက်၍ ပညာသင်ကြားကြပါသည်။ကျေးရွာအတွင်းရှိ ကျွမ်းကျင်လုပ်သားများ အနေဖြင့် ပန်းရံလုပ်ခြင်း၊ လက်သမားပြုလုပ်ခြင်း၊ စက်နှင့်ဆိုင်ကယ်ပြင်ခြင်း တစ်နိုင်တစ်ပိုင်စက်ချုပ် လုပ်ငန်းလုပ်ကိုင်ခြင်း စသည်များဖြင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းကဲ့သို့ လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။

**(စ) ကျား/မဆိုင်ရာဆက်နွယ်မှု**

ရွာသစ်ကုန်းကျေးရွာတွင် လူဦးရေ(၅၄၀) ဦးရှိသည့် အနက် အမျိုးသားဦးရေ (၂၅၇) နှင့် အမျိုးသမီးဦးရေ(၂၈၃) ဖြစ်ပါသည်။ ကျား၊မလူဦးရေရာခိုင်နှုန်းမှာ ကျား(၄၈%)၊ မ(၅၂%) ကျေးရွာတွင် ကျား/မလူဦးရေ မျှတလျှက်ရှိပါသည်။

လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် လုပ်ခလစာအနေဖြင့် နေ့စားအမျိုးသားတစ်ဦးလျှင် (၅၀၀၀)နှုန်းရရှိပြီး၊ နေ့စားအမျိုးသမီးတစ်ဦးလျှင်(၄၀၀၀)နှုန်းခန့် ရရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမားနှင့်ပန်းရံ နေ့စားအမျိုးသား/သမီးလျှင်တစ်ဦးလျှင် (၆၀၀၀-၅၀၀၀)နှုန်းခန့် ရရှိကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့အစည်းများရှိသော်လည်း ရပ်ရေးရွာရေးကိစ္စများ တွင်ပါဝင်ဆောင်ရွက်မှုအားနည်းပါသည်။

**( ၄ ) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှုအခြေအနေ**

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရသော အဖွဲ့အစည်းဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာရှိပြည်သူများစုစည်းအားဖြင့် ကျေးရွာတွင်းရှိဖွံ့ဖြိုးရေးလုပ်ငန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသောအဖွဲ့အစည်းများမှာ ဘာသာရေး၊ ပညာရေး၊ ဖွံ့ဖြိုးရေး၊ မီးဘေး၊ အမျိုးသမီးရေးရာနှင့် သက်ဆိုင်

ရာကိစ္စရပ်များအတွက် ဖွဲ့စည်းထားခဲ့ပြီး (၁)ဖွဲ့ချင်းအလိုက် စွမ်းဆောင်နိုင်မှု ကောင်းမွန်သော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းသည့်အပြင် အဖွဲ့အစည်း၏ ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိအောင် မည်သို့ဆောင်ရွက်ရမည်ကိုလည်း စနစ်တကျ ဆောင်ရွက်တတ်သည့် အလေ့အထများ ကျင့်သုံးနိုင်ခြင်းမရှိသေးသည့် အခြေအနေ တစ်ရပ်ဖြစ်ပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကိုလည်း ဖွဲ့စည်းဆောင်ရွက်ကာ အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

**( ခ ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ**

ရွာသစ်ကုန်းကျေးရွာတွင် လယ်မြေ နှင့် ဥယျာဉ်ခြံမြေဧက ပိုင်ဆိုင်သော တောင်သူ လယ်သမား အိမ်ထောင်စု များသည် အများအားဖြင့် စပါးစိုက်ပျိုး ထုတ်လုပ်ခြင်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ လယ်မြေဧက ၂.၅ ဧက အောက် ပိုင်ဆိုင်သော အိမ်ထောင်စု ၁၃.၁၅ ရာခိုင်နှုန်း၊ ၂.၅ ဧကမှ ၅ ဧကအထိ ပိုင်ဆိုင်မှု ၂၅ရာခိုင်နှုန်း၊ ၅ ဧကမှ ၁၂.၅ ဧကကြား ပိုင်ဆိုင်မှု ၃၃.၅၆ ရာခိုင်နှုန်း၊၁၂.၅ဧကထက် ပိုင်ဆိုင်မှု ၈.၅၆ ရာခိုင်နှုန်း ပိုင်ဆိုင်မှု ရှိကြပါသည်။ စိုက်ပျိုး ထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်သော လယ်သမားများနှင့် လုပ်သား များနေထိုင်ရာ ကျေးရွာတစ်ခုခုဆိုရမည်ဖြစ်ပါသည်။ထို့ကြောင့် ကျေးရွာ၏ ဆန်စပါးထုတ်လုပ်မှု နှင့် သက်ဆိုင် သော သဘာဝအရင်းအမြစ်များ ပေါများသည့်အလျောက် အကျိုးအမြတ်များ ပိုမို ဖြစ်ထွန်း ရန်အတွက် အကျိုးအမြတ်ပိုမိုရရှိရေး ရာသီဥတုမရွေးစိုက်ပျိုးနိုင်သည့် အထွက်နှုန်း တိုးသော စပါးမျိုးကောင်းမျိုးသန့်ရရှိရေး ဈေးကွက်အတွင်း အဆင့်မီရောင်းချနိုင်သည့်အထိ တိုးတက် ထုတ်လုပ်နိုင်သည့် နည်းလမ်းများကို ရှာဖွေအား ထုတ်ရမည်ဖြစ်ပါသည်။ လယ်ယာဥယျာဉ်ခြံ စိုက်ပျိုးရေးလုပ်ကိုင်သူများမှာ ကိုယ်ပိုင်စိုက်ပျိုးရေးသုံး ကိရိယာများအနေဖြင့် လက်တွန်း ထွန်စက်၊ ရေစုပ်စက်များသာ ပိုင်ဆိုင်ကြပါသည်။

မွေးမြူရေးလုပ်ငန်းများတွင် တစ်ပိုင်တစ်နိုင် စီးပွားဖြစ် ကြက်၊ ဝက်၊ ဘဲများကို အများဆုံး မွေးမြူကြပြီး မြစ်/ချောင်းအတွင်းမှ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စု များလည်း ရှိပါသည်။ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာနှင့်ရောဂါ ကာကွယ်ရေး၊ ကုသရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။

## ( ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

ရွာသစ်ကုန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားလုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင် ၊ သီးနှံအရောင်းအဝယ်၊ ငါးဖမ်းခြင်း၊ ငါးရှဉ့်၊ မြွေးထောင်ခြင်း၊ ဆိုင်ကယ် ကယ်ရီလိုက်ခြင်း ၊ အခြားကျဘန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျဘန်းလုပ်သားများ အနေဖြင့် အားလပ်သော အချိန်များတွင် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်နိုင်ရန် စိတ်အားထက်သန် နေကြပြီး နည်းပညာ နှင့် ငွေကြေးအရင်းအနှီး လိုအပ်မှုများရှိနေပါသည်။ လုပ်ငန်း နှင့် သင့်လျော်သော ထုတ်ချေးငွေရရှိပါက စက်လှေဝယ်ယူ၍ စပါးပို့လိုခြင်း၊ တစ်ပိုင်တစ်နိုင် မုန့်လုပ်ငန်းများ၊ ခေါင်းရွက် ဗျက်ထိုးလုပ်ကိုင်လိုခြင်း၊ အိမ်ဆိုင်ဖွင့်လိုခြင်းနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ ( ဆံပင်ညှပ်၊ စက်ချုပ်၊ ဆိုင်ကယ်ပြင် ) လုပ်ကိုင်လိုကြပါသည်။

## (ဃ) ပတ်ဝန်ကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ရွာသစ်ကုန်းကျေးရွာတွင် အရက်၊ ဘီယာစသည့် သေရည်၊ သေရက် ရောင်းချသောဆိုင် (အရက်ပုန်းဆိုင်) မရှိသောကြောင့် ကောင်းမွန်သော ပတ်ဝန်းကျင်ရှိသည့် ကျေးရွာဖြစ်ပါသည်။ ဘေးကင်းလုံခြုံရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် အရန်မီးသတ် / ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်းထားရှိပြီး၊ ဝါးခယ်မမြို့နှင့်ကျုံမငေးမြို့တို့တွင် ရဲစခန်းတည်ရှိ၍ ဒေသလုံခြုံရေးအတွက် တာဝန်ယူဆောင်ရွက်ပါသည်။

## ( င ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေချေးရန် အရင်းအမြစ်များမှာ သမဝါယမဦးစီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ Pact နှင့်အခြားအဖွဲ့စည်းများပါသည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင် သူများကိုသာ ထုတ်ချေးပြီး တစ်ဧလျှင် (၁၅၀၀၀၀/-) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးသည့် ဧကမှာ (၁၀) ဧက အတွက် အများဆုံး ကျပ်သိန်း (၁၅၀၀၀၀၀/-) သိန်းဖြစ်ပါသည်။ အတိုးနှုန်း မှာ (၀.၆၇) ကျပ် ဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ (၇) လသာ ဖြစ်ပါသည်။ လယ်သမား များအနေဖြင့် တစ်ဧက ကုန်ကျစရိတ်မှာ (၂) သိန်းကျပ်ခန့် ကုန်ကျသောကြောင့် သွင်းအားစုများနေပြီး ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။

## ( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်ကျင်သန့်ရှင်းရေး

ရွာသစ်ကုန်းကျေးရွာ၌ မူလတန်း ကျောင်း (၁) ကျောင်း တည်ရှိသဖြင့် ကျေးရွာ အတွင်းရှိ ကျောင်းသား/ကျောင်းသူများအားလုံး (၄)တန်းအထိ သင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းမှာ အုတ်ညှပ်သွပ်မိုး အမျိုးအအစားဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းတွင် စာရေးခုံ ၊ စားပွဲ၊ ကုလားထိုင် ၊ ပရိဘောဂများ လုံလောက်မှု မရှိသောကြောင့် ကျောင်းသား/သူများ

စာသင်ကြားရာတွင် အခက်အခဲရှိပါသည်။ ကျောင်းဆရာ/မ လုံလောက်မှု အသင့်အတင့်သာရှိပါသည်။ ကျောင်းတွင် အာဟာရတိုက် ကျွေးမှုများမှာလည်း ရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင် ရှိပါကလည်း တိုက်ကျွေးဖြစ်ပါသည်။

ရွာသစ်ကုန်းကျေးရွာတွင် ကာကွယ်ဆေးထိုးနှံမှုများကို လစဉ်သတ်မှတ်ကာလများတွင် သတ်မှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်ဆေးပေးခန်းရှိပါက ကျေးရွာသူ / ကျေးရွာသားများအား ကျန်းမာရေး စောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကျေးရွာတွင်းတွင် ဝမ်းပျက်/ဝမ်းလျော ရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့မှာ အနည်းငယ်ဖြစ် ပေါ်ပြီး သာမန် ဖျားနာခြင်း၊ နှာစေးခြင်းစသည့် ဖျားနာမှုများသာ အဖြစ်များလေ့ရှိပါသည်။ကျန်းမာရေးအတွက်အထူးစိုးရိမ်ဖွယ်မရှိသောကျေးရွာဖြစ်ပါသည်။ ၎င်းကျေးရွာအား ကျန်းမာရေးအသိ ပညာပေး ခြင်းများ၊ တစ်ကိုယ်ရေကျန်းမာရေးပညာပေးများဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမို ကောင်းမွန် သော ကျန်းမာပျော်ရွှင်သော ကျေးရွာတစ်ရွာဖြစ်လာမည်ဖြစ်ပါသည်။

ရွာသစ်ကုန်းကျေးရွာရှိ ရေသုံးစွဲမှုမှာ အိမ်ထောင်စုများ အနေဖြင့် မြစ်/ချောင်းရေကိုသာ အဓိကထားသုံးစွဲပြီး သန့်ရှင်း/လုံလောက်မှုမှာ အသင့်အတင့်သာရှိသဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ရပါသည်။စိုက်ပျိုးရေအဖြစ် မြစ်/ချောင်းရေကို ရာသီမရွေးသုံးစွဲနိုင်ပါသည်။ရွာသစ်ကုန်း ကျေးရွာရှိ လူနေအိမ်များမှာ ဝါးခယ်မ-ကျုံမငေးကားလမ်း၏ တစ်ဖက်စီတွင်တည်ရှိပါသည်။ အမှိုက်သရိုက်များ လွန်စွာနည်းပါးခြင်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများမှာလည်း စည်းစနစ်ရှိစွာဖြင့် မွေးမြူကြသောကြောင့် သန့်ရှင်းသာယာသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု ပေါင်း (၁၅၂) အိမ်ထောင်စုရှိပြီး ရေလောင်း/ယင်လုံအိမ်သာ ကိုအများဆုံး အသုံးပြုကြသော်လည်း အိမ်သာမရှိသောအိမ်ထောင်စုများလည်းရှိကြပါသည်။ အိမ်သာမရှိသော အိမ်ထောင်စုများမှာ နီးစပ်ရာအိမ်များသို့သွားလာအသုံးပြုရပါသည်။သန့်ရှင်းသော ရေလောင်း/ ယင်လုံအိမ်သာသုံးစွဲမှု အသိပညာနည်းပါးပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

ရွာသစ်ကုန်းကျေးရွာရှိ လူငယ်များမှာ ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး ကိစ္စရပ်များတွင် ပူးပေါင်းပါဆောင်ရွက်ကြပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါသည်။ ၎င်းပြင် လူငယ်များစွမ်းရည် ဖွံ့ဖြိုးစေမည့် အသိပညာဗဟုသုတရှာမှီးရာ ကိုယ်ထူကိုယ်ထ ကျေးရွာစာကြည့်တိုက်တစ်ခုလည်း ဖွင့်လှစ်ဆောင်ရွက်ရန် လိုအပ်လှပါသည်။

ရွာသစ်ကုန်းကျေးရွာ၏ ယဉ်ကျေးမှုဓလေ့ထုံးစံအရ တန်ခူးလတွင် မဟာသင်္ကြန်ပွဲတော် ကျင်းပခြင်း၊ ဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပခြင်း၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော် ကျင်းပခြင်း၊ တန်ဆောင်မုန်းလတွင် မီးထွန်းပွဲတော် နှင့် ဘုန်းကြီးကျောင်း စုပေါင်း

မဟာ ဘုံကထိန် ကျင်းပခြင်း၊ ကရင်နှစ်သစ်ကူးပွဲ ဆောင်ရွက်ကြပါသည်။

**( ၉ ) အခြေခံအဆောက်အဦးများ လက်လှမ်းမှီမှု-လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ရွာသစ်ကုန်းကျေးရွာသည် ဝါးခယ်မမြို့နှင့်ကျုံမငေးမြို့ကြားတွင်တည်ရှိပြီး ဝါးခယ်မမြို့သို့ (၃)မိုင်ခွဲခန့် နှင့် ကျုံမငေးမြို့သို့(၁၀)မိုင်ခန့် ကွာဝေးပါသည်။ ဝါးခယ်မမြို့နှင့် ကျုံမငေးမြို့များသို့ ရေလမ်း/ကုန်းလမ်း ခရီးနှစ်မျိုးစလုံးဖြင့်သွားလာပြီး ခြောက်သွေ့သောရာသီတွင် ကုန်းလမ်းခရီးဖြင့် ပိုမို သွားလာနိုင်ပါသည်။ ရွာတွင်းလမ်းများမှာ မြေသားလမ်းများ ဖြစ်ပြီး မိုးတွင်းကာလများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝပ်ခြင်း ၊ ရွှံ့ထခြင်းများ ဖြစ်ပေါ် လေ့ရှိပါသည်။ ရွာတွင်းလမ်းအား မြေသားတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများကို ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထား ရှိလျှက်ရှိပါသည်။

ရွာသစ်ကုန်းကျေးရွာနေအိမ်ထောင်စုမှာ ဆိုလာစနစ်ဖြင့် မီးအသုံး ပြုကြပါသည်။ ဒီဇယ်အင်ဂျင်ဖြင့် မီးသုံးစွဲကြသော အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။ ကျေးရွာ နေပြည်သူတချို့မှာ မီးလင်းရေးအတွက် ဘတ္တရီငှားရမ်းအသုံးမှု၊ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်ကို အသုံးပြုလျှက်ရှိပါသည်။

ရွာသစ်ကုန်းကျေးရွာတွင် မုန်တိုင်းသတင်း၊ လေျှင်သတင်းနှင့် အခြား သာရေး၊ နာရေး သတင်းများ ရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း ၊ တီဗွီသတင်းစောင့်ကြည့်ခြင်း၊ အင်တာနက်အွန်လိုင်းအသုံးပြုခြင်း စသည်တို့ကို အသုံးပြုခြင်းဖြင့် သတင်းအဆက်အသွယ်နှင့် နည်းပညာ ရရှိကြပါသည်။

ရွာသစ်ကုန်းကျေးရွာသည် ပို့ဆောင်ဆက်သွယ်ရေးအတွက် အနီးဆုံးမြို့ဖြစ်သည့် ဝါးခယ်မ၊ ကျုံမငေးမြို့များသို့ အဓိကထားသွားလာကြပြီး ကုန်းလမ်း၊ရေလမ်း (၂)မျိုးစလုံးဖြင့် တစ်နှစ်ပါတ်လုံးသွားလာနိုင်ပါသည်။ စပါးနှင့် ကျေးရွာ ထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် ကုန်းလမ်းခရီးအား ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်တို့ဖြင့်၎င်း၊ ရေလမ်းခရီးအား လှေ၊ စက်လှေတို့ဖြင့် အဓိကထားအသုံးပြုလျက် ရှိပါသည်။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

ရွာသစ်ကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ စုစုပေါင်း(၃၇၆)ဦး ရှိပြီး ကျေးရွာလူဦးရေ၏ (၆၉.၆%)ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်နိုင်သည့်

လူသားအရင်းအမြစ်များသောကြောင့် ကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ထိရောက်စွာပံ့ပိုးပေးနိုင်ပါကကျေးရွာ၏ လူအရင်းအမြစ်တိုးတက်မှုနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် အလားအလာကောင်းများရှိနေပါသည်။

ထို့အပြင်ကျေးရွာ၏အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊လူငယ်လက်တွဲပြီးကောင်းမွန်စွာတိုင်ပင် ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်အတွက်အားရဖွယ် ဖြစ်ပါ သည်။

ရွာသစ်ကုန်းကျေးရွာတွင် မိုးစပါး ၊ နွေစပါးနှစ်သီး စိုက်ပျိုးထုတ်လုပ်နိုင်ပါသည်။ မြို့နှင့်(၃)မိုင်ခွဲခန့်သာ ကွာဝေး၍ ရောင်းချချိန်တွင်အဆင်ပြေလွယ်ကူစွာ သွားလာရောင်းချနိုင် ပါသည်။အနီးဆုံးဈေးနှင့်အကြီးစားဈေးကွက်ဖြစ်သည့် ဝါးခယ်မမြို့သို့သာ အဓိကသွားလာကြပြီး နည်းပညာဆိုင်ရာ သတင်းအချက်အလက် များကို အလွယ်တကူရရှိပါသည်။

တိရိစ္ဆာန်မွေးမြူရေးကဏ္ဍတွင် ရွာတွင်း၊ ရွာဝန်းကျင်နှင့် ဝါးခယ်မမြို့၊ ကျုံမငေးမြို့များသို့ သွားရောက် ၍ ရောင်း/ဝယ်ခြင်း ပြုလုပ်နိုင်ပြီး တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်အထိ မွေးမြူနိုင်ပါသည်။ စပါးစိုက်ပျိုးထုတ်လုပ်သည့် ကျေးရွာတစ်ခုဖြစ်သည့် အားလျော်စွာ ဝက်အစာ ဖြစ်သည့်ဖွဲနုကို ကျေးရွာအနီးရှိ ဆန်စက်များမှ အလွယ်တကူ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း ၊ မိမိတို့ စပါး ကြိတ်ခွဲစဉ်ရရှိသောဖွဲနုစသည်ဖြင့် ဝက်မွေးမြူရေး အတွက် အစာကိုရရှိနိုင်ပါသည်။ ဝါးခယ်မမြို့ ပေါ်ရှိ ရေထွက်ပစ္စည်းဈေးကွက်နှင့်ချိတ်ဆက်၍ လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်မည့် အခွင့်အလမ်း ရှိပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများအနေဖြင့် ဆိုင်ကယ် ကယ်ရီလုပ်ငန်း၊ စက်လှေ မောင်းခြင်းလုပ်ငန်း၊ တစ်နိုင်တစ်ပိုင် စက်ချုပ်လုပ်ငန်းများ၊ ကျပန်းများ ဖြင့် လုပ်ကိုင် ဆောင်ရွက်ခြင်းများ ရှိပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် အိမ်ထောင်စုအများစုမှ အသက်မွေးမှုပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူနိုင်ခြင်း၊ မိမိတို့ အသက်မွေး ဝမ်းကြောင်း လုပ်ငန်းများ အတွက် သင့်တော်သည့် ရင်းနှီးငွေပမာဏအားရရှိနိုင်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် အိမ်ထောင်စုအများစုမှ အသက်မွေးမှု ပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူနိုင်ခြင်းတို့ကြောင့် မိမိတို့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် သင့်တော်သည့် ရင်းနှီးငွေပမာဏ အားရရှိနိုင် ပါသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြပါသည်။

ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေးမျိုးမကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီး မားမား အမှုအခင်း ဖြစ်ပွားမှုနည်းပါးခြင်းကြောင့်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း တရပ် ဖြစ်သည်။

## (ခ) အဟန့်အတားနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ရွာသစ်ကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်ရန် ကျေးရွာအတွင်းအဖွဲ့များ ဖွဲ့စည်း ဆောင်ရွက်မှုမရှိသဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ အားနည်းမှုရှိပါသည်။ ကျေးရွာလူထု အနေဖြင့် မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့ အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့်အလှမ်းဝေးခြင်း တို့က လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။

စပါးအထွက်တိုးနည်းပညာများကို နည်းပညာဝန်ဆောင်မှုအဖွဲ့များထံမှ ရရှိနိုင်သော်လည်း လိုအပ်သောသွင်းအားစုများကိုအချိန်မီထည့်သွင်းနိုင်မှုမရှိနိုင်ခြင်းကြောင့် အထွက်တိုး နည်းပညာ များ၏ ရလာဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူ အားလုံး အကျိုးအမြတ်ဖြစ်ထွန်းလာရန် အချိန်များစွာယူရအုန်းမည်ဖြစ်ပါသည်။ ထို့အပြင့်လယ်ယာ စိုက်ပျိုး ရေးလုပ်ငန်းနှင့် ဆက်စပ်သော မြောင်းဖော်ခြင်း၊ ပိုးမွှားရောဂါ ကာကွယ်ခြင်းတို့တွင် တောင်သူ တစ်ဦးတည်းဖြေရှင်း၍ မရနိုင်ပဲ စုပေါင်းစပ်ပေါင်းဖြင့် လုပ်ကိုင်ကြရမည်ဖြစ်ရာ ၎င်းအခက်အခဲများ နှင့်ကြုံတွေ့လာလျှင်ရင်ဆိုင်ဖြေရှင်းရန်အတွက် တောင်သူအားလုံး စုပေါင်းပါဝင်သည့် အလေ့အထ မရှိသဖြင့်အခက်အခဲများ ကြုံတွေ့ရ အုန်းမည်ဖြစ်ပါသည်။

မွေးမြူရေးလုပ်ငန်းများတွင် ရောဂါဖြစ်ပွားမှုကိုအချိန်မီ မကာကွယ်နိုင်ခြင်း၊ မထိန်း ချုပ်နိုင်ခြင်း၊ မွေးမြူရေးနည်းပညာဝန်ဆောင်မှု အကန့်အသတ်ရှိခြင်းတို့ကြောင့် ကျေးရွာ၌ မွေးမြူရေးကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြရန် မဝံ့မရဲဖြစ်နေကြပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများ အသက်မွေးဝမ်းကြောင်းပညာများတက်မြောက်မှုအားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း အတွက် နီးစပ်ရာကျေးရွာများ၏ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများမသိရှိကြခြင်း၊ သွင်းအားစုများအတွက် အချိန်မီ ချေးငွေမရရှိခြင်းတို့ ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အဟန့်အတားတစ်ခုဖြစ်ပါသည်။

ရွာသစ်ကုန်းကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ အခြားအဖွဲ့အစည်းများမှ ချေးငွေရရှိသော်လည်း တင်းကြပ်သော ချေးငွေ စည်းမျဉ်း စည်းကမ်းများ နှင့် ချေးငွေ ကာလတိုတောင်းခြင်းများသည် လည်းတောင်သူများ၏ အကျိုးအမြတ် ဖြစ်ထွန်းရန် အဟန့် အတားများဖြစ်နေဆဲဖြစ်သည်။

လမ်း ၊ တံတားများ အဆင့်မြှင့်တင်ရေးအတွက် ကျေးရွာလူထုမှ မတည်ငွေ လိုအပ်ခြင်း၊ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်ခြင်းများရှိပါသည်။

ကျေးရွာ၏ ဓလေ့မှာ လူကြီးများကိုသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းကို စိတ်ပါဝင်စားမှုရှိသောလူငယ်များမှာ နောက်ကျ ကျန်နေ ကြသဖြင့် လူငယ်များ၏စိတ်ကူးစိတ်သန်းကောင်းများမရရှိခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အဟန့်အတား ဖြစ်စေသောအကြောင်းအရာ များတွင်တစ်ခုအပါ အဝင် ဖြစ်ပါသည်။ လူငယ်များ အနေနှင့် အင်တာနက်မှ တဆင့် သတင်းအချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာ ဖွံ့ဖြိုးရေးနှင့်ဆက်စပ်သော မိမိတို့၏ အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှု စွမ်းရည် ဖွံ့ဖြိုးရေးသဘောတရာများကို သဘောပေါက် နားလည်မှုအားနည်းကြသည်မှာ အနာဂတ် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ ဖြစ်ပါသည်။

**(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

ကျွန်ုပ်တို့ ရွာသစ်ကုန်းကျေးရွာသည် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျ အားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင် ရောက်ရှိရေးအကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

**(က) ရည်မှန်းချက်ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက် ရေး တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့်လူငယ်များ အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည် -

(၁) ကျေးရွာလူထုသည် စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်၊

(၂) လူငယ်များအားပညာတတ်မြောက်မှုပိုမိုတိုးတက်စေခြင်းနှင့်အသက်မွေးဝမ်းကြောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေ ပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြှင့်လာစေရမည်၊

(၃) ရွာလူထုသည် ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာ ရမည်၊

**( ခ ) နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျဆောင်ရွက်

ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိမိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူလယ်သမားများ၏ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော စပါးမျိုးများကိုသာ ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းများ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရပါမည်။

(၂) လယ်သမားများနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေရရှိစေရန် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏အကူအညီဖြင့် တိရိစ္ဆာန်ရောဂါကာကွယ်ရေးအစီအမံများ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေး လုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေးနည်းပညာ သင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၃) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံ၊ အလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန် အသက်မွေးဝမ်းကြောင်းနည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန် ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန် ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေ လက်လှမ်းမှီမှု ရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်းအသေးစား လုပ်ငန်းများအတွက် လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

(၅) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်း ရရှိရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်

အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအားနိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာ အဆင့်အထိ ပံ့ပိုးပေးနိုင်မည် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှု သည် အလွန်အရေးပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ထုတ်လုပ်ကိုင်ခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သောဦးစားပေး စီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

**( ခ ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ**

ရွာသစ်ကုန်း ကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး ၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် စပါး၊ သီးနှံ (ကာတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေး နေသော ကြောင့်အခြားသီးနှံစိုက်ပျိုးသူတောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူ အများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေး ဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ကျေးရွာသား များလိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသ လိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

**( ဂ ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း**

ရွာသစ်ကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုး ထုတ်လုပ်သူများ၏ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီ သောနည်းပညာများလိုအပ်ခြင်းပင်ဖြစ်ပါသည်။ဈေးကွက်နှင့် မဝေးလှသော အားသာချက် ကို အမှီပြု၍ ဒေသထွက်ကုန်များကို အမှီပြု၍ သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက် သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည် သက်ဆိုင်ရာ ဦးစီးဌာနများနှင့်

အဖွဲ့အစည်းများ၏ ပူးပေါင်း လမ်းပြဖေးမမှုများကလည်း အရေးပါ လုပါသည်။

ထို့အပြင် အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သော လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသော ဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက်လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန် လိုအပ်သည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာတိုးတက်လာမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချ နိုင်ရုံမက ဒေသတွင်း တစ်ပိုင်တစ်နိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာခြင်း၊တစ်ဖက်နိုင်ငံများတွင်ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည် အခွင့်အလမ်းများ တိုးတက် လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေး နှင့်ဆင်းရဲမှုလျှော့နည်းစေရေးကို တစ်ထောင့် တစ်နေရာမှ အထောက်အကူပြုနိုင်ပေမည်။

## (ဈ) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရရှိအောင်အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း (၅) နှစ်ကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါ ပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

## (ဉ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် (၅) နှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မှုမဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃)နှင့် ကျော်လာ ချိန်တွင် စီမံကိန်း (၅) နှစ်ကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါမည်။

ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင်(၅)နှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာ သည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း(၅)နှစ်တာ အတွင်း ထပ်တိုး စီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှစ် ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ (၅)နှစ် တာအတွက် ရေးဆွဲ ထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင် အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**( ခ ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional Classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများ အတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါ မည်။ Economic Classification သည် စီမံချက်များကို အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ( Functional Classification )**

ဆောင်ရွက်မည့် စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် မည်သည့်ကဏ္ဍ အောက်တွင် (ဥပမာ- စိုက်ပျိုးရေး ၊ လျှပ်စစ်ကဏ္ဍစသည့်)၊ မည်သည့် ဝန်ကြီး ဌာနနှင့် သက်ဆိုင်သည်စသည့်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားဖြစ်သည် ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- ❖ သာမန်အသုံးစရိတ် ( Current Expenditure) ဥပမာ - လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ၊
- ❖ ငွေလုံးငွေရင်းအသုံးစရိတ် ( Capital Expenditure ) ဥပမာ- ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူရသော ရင်းနှီးမြှုပ်နှံမှု များ၊

- ❖ စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ် ( Capacity Building Expenditure ) ဥပမာ- ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- ❖ လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

**( ၈ ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/ကျေးရွာသား အုပ်စု (၁၀) စုထဲမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့ အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုပါသည်။

(ဃ) ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည် -

| စဉ် | စီမံချက် ( Proiect ) | ဦးစားပေး အဆင့် |
|---|---|---|
| ၁ | ရွာသစ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း | ၁ |
| ၂ | ရေကျော်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း | ၂ |
| ၃ | ကျေးရွာမီးလင်းရေးလုပ်ငန်း(11 KV) | ၃ |
| ၄ | ရေသန့်စက်(သောက်သုံးရေ)(သို့)အဝီစိစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း | ၄ |
| ၅ | ကျောင်းပညာရေးအထောက်အပံ့များလိုအပ်ခြင်း | ၅ |
| ၆ | ကျေးရွာတွင်းရွာသစ်ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်း | ၆ |
| ၇ | ကျန်းမာရေး(ပရဟိတ)ယာဉ်လိုအပ်ခြင်း | ၇ |
| ၈ | ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | ၈ |
| ၉ | စိုက်ပျိုးရေးနှင့်ပတ်သက်၍နည်းပညာအခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ပေးခြင်း | ၉ |
| ၁၀ | အားကစားကွင်းတည်ဆောက်ပေးခြင်း | ၁၀ |
| ၁၁ | ဘိုးဘေးအညာစုချောင်းတိမ်ကောမှုအားပြန်လည်တူးဖော်ခြင်းလုပ်ငန်း | ၁၁ |
| ၁၂ | (KG)ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၁၂ |
| ၁၃ | စပါးမျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ပေးခြင်း | ၁၃ |
| ၁၄ | အလယ်တန်းကျောင်းတိုးချဲ့ခြင်း | ၁၄ |
| ၁၅ | ကျောင်းအိမ်သာ(၂)ခန်းတွဲဆောက်လုပ်ခြင်း | ၁၅ |
| ၁၆ | ကျောင်းပရိဘောဂနှင့်အဆောက်အဦပြန်လည်ပြုပြင်ခြင်း | ၁၆ |

**(ဇ) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင် ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက်ကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလ၊ အခြေခံ

အဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့်ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်ဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ်အခြေခံပြီးနှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ ( ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည့် )

**စီမံချက်ဘတ်ဂျက်**

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအဆင့်သတ်မှတ်ခြင်း**

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) ငွေလုံးငွေရင်းအသုံးစရိတ် | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ရွာသစ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း | | | | | |
| ၂ | ရေကျော်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း | | | | | |

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) ငွေလုံးငွေရင်းအသုံးစရိတ် | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၃ | ကျေးရွာမီးလင်းရေးလုပ်ငန်း(11 KV) | | | | | |
| ၄ | ရေသန့်စက်(သောက်သုံးရေ)(သို့)အဝီစိစက်ရေတွင်း | | | | | |
| ၅ | ကျောင်းပညာရေးအထောက်အပံ့များလိုအပ်ခြင်း | | | | | |
| ၆ | ကျေးရွာတွင်းရွာသစ်ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်း | | | | | |
| ၇ | ကျန်းမာရေး(ပရဟိတ)ယာဉ်လိုအပ်ခြင်း | | | | | |
| ၈ | ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | | | | | |
| ၉ | စိုက်ပျိုးရေးနှင့်ပတ်သက်၍နည်းပညာအခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ပေးခြင်း | | | | | |
| ၁၀ | အားကစားကွင်းတည်ဆောက်ပေးခြင်း | | | | | |
| ၁၁ | ဘိုးဘေးအညာစုချောင်းတိမ်ကောမှုအားပြန်လည်တူးဖော်ခြင်းလုပ်ငန်း | | | | | |
| ၁၂ | (KG)ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | | | | | |
| ၁၃ | စပါးမျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ပေးခြင်း | | | | | |
| ၁၄ | အလယ်တန်းကျောင်းတိုးချဲ့ခြင်း | | | | | |
| ၁၅ | ကျောင်းအိမ်သာ(၂)ခန်းတွဲဆောက်လုပ်ခြင်း | | | | | |
| ၁၆ | ကျောင်းပရိဘောဂနှင့်အဆောက်အဦပြန်လည်ပြုပြင်ခြင်း | | | | | |

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်များ လွှဲပြောင်း အပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာ အသင်း သည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက် ရန်တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာထုတ်ကုန်လမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

( ခ ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်ရသော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်း သည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ် ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် သက်ဆိုင်ရာ ဦးစီး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရ ပါမည်။

( ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါ ခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ❖ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက်ကန်ထရိုက်များ
- ❖ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ )

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်

ပြထားသော သတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ၊ပြင်/ထိန်းလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာအလျောက်လှူဒါန်းငွေများ စသည်တို့ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ရွာသစ်ကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သော အဖွဲ့အစည်း စနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်နုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်ဆိုင်ရာ တိုးတက်မှု (Physical Progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု ( Financial Progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက်လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး တို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့သည် မိမိတို့၏စီမံကိန်းဆိုင်ရာကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်း (Indicator) များဖြစ်ပါမည်။ သုံးလပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(Monitoring Report)ကို ရွာလူထုအစည်းအဝေး၌ ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်အလက်များအပေါ် မူတည်ပါမည်။

### (၁) လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical Progress)

- ❖ စီမံကိန်းလုပ်ငန်းငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှု အတိုင်းအတာ၊
- ❖ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ၊ အဟန့်အတား များနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ❖ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်း များ၊

### (၂) ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial Progress)

- ❖ ငွေသားနှင့်မဟုတ်သော အရင်းအနှီး၊ လိုအပ်ချက်များစုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍ )၊
- ❖ သုံးလပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ❖ ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ❖ ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာ ပေးပို့ပါမည်။ စာမျက်နှာ(၂-၃)

ခန့်ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ကျေးရွာသားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**( ခ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်းဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ်အကဲဖြတ်ကြရပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏တိုးတက်မှုအခြေအနေများကိုအောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ )
- ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ-မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်နေသူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**( ဂ ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်ပါသည်။

**ကိုးကားစာရင်း**

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်စာအုပ်များ။

၂။ ဝါးခယ်မမြို့နယ်၊ ရွာသစ်ကုန်း ကျေးရွာတွင် ဖွန်လ၊၂၀၁၈ခုနှစ်တွင် ကျင်းပခဲ့သော ကျေးရွာ အခြေအနေကို ရွာသူရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှတ်စုများ။

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်။

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၅ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၆ | ၁၉ | ၃၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၆ | ၃၂ | ၄၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၆ | ၁၉ | ၄၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၂ | ၁၉၄ | ၃၇၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၁ | ၁၄ | ၂၅ |
| စုစုပေါင်း | | ၂၅၇ | ၂၈၃ | ၅၄၀ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၅၂ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ လူဦးရေဆိုင်ရာအချက်အလက်ကောက်ယူမှုအရ ကျေးရွာတွင် လူဦးရေ ကျား(၂၅၇)ဦးနှင့်မ(၂၈၃)ဦး၊ လူဦးရေစုစုပေါင်း(၅၄၀)ရှိပြီး၊ ကျား/မအချိုးမှာတန်းတူ ညီမျှမှုရှိပါသည်။ကျေးရွာတွင်ကျောင်းတက်နှုန်းဦးရေမှာနည်းပါပြီး၊ အလုပ်လုပ်နိုင်သည့်ဦးရေမှာ များပြားကြောင်းတွေ့ရှိရပါသည်။ ၆၅နှစ် အထက်သက်ကြီးရွယ်ကြီးများရှိနေသဖြင့် သက်ကြီး ရွယ်အိုစောင့်ရှောက်မှုအဖွဲ့များနှင့်အခြားအသင်းအဖွဲ့များဖွဲ့စည်းထားရှိကြောင်း တွေ့ရှိရ ပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

## (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၃၁၄ | သင့် | ရ | ချောင်း |
| ယာမြေ | | - | - | - |
| ဥယျာဉ်ခြံမြေ | ၁ | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | | - | - | - |
| ကိုင်း/ကျွန်းမြေ | | - | - | - |
| စားကျက်မြေ | | - | - | - |
| ပလပ်မြေ | | - | - | - |
| သစ်တောမြေ | | - | - | - |
| **စုစုပေါင်း** | ၃၁၅ | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်။** ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ကျေးရွာ၏စိုက်ပျိုးမြေဧကမှာ

စုစုပေါင်း(၃၁၅)ဧကရှိပါသည်။ကျေးရွာသည် မြစ်ချောင်းနံဘေးတွင် တည်ရှိပြီး စိုက်ပျိုးရေးအတွက် မြစ်/ချောင်းမှရယူသုံးစွဲကြပါသည်။စိုက်ပျိုးရေမှာ အခက်အခဲမရှိသော်လည်း စိုက်ပျိုးမြေ ကောင်းမွန်မှုမှာအသင့်အတင့်သာရှိပါသည်။ စိုက်ပျိုးရေးအတွက် လယ်ယာသုံး စက်ကိရိယာ ပစ္စည်းများလည်း လိုအပ်လျှက်ရှိကြောင်းတွေ့ရှိရပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | ခက် |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | ခက် |
| **အခြားသဘာဝအရင်းအမြစ်** | မရှိ | ခက် |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် -၃၄.၄ဒီဂရီစင်တီဂရိတ် | ပျှမ်းမျှ မိုးရေချိန်-၁၀၀လက်မဝန်းကျင် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ကျေးရွာတွင် ဓါတ်သတ္တုများ ထွက်ရှိမှု မရှိပါ။ အခြားသဘာဝအရင်းအမြစ်များလည်း ရရှိနိုင်မှုနည်းပါးပါသည်။အသုံးပြုနိုင်မှု အခြေအနေ မှာ အခက်အခဲရှိပါသည်။

ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ဇမြဇ၊နာရေး အသင်း၊ပြည်သူ့စစ် | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ■ | စွမ်းဆောင်ရေအားနည်းပါသည်။ |
| | | | | |
| ၂ | ဇမြဇ | ၁☐ ၂☐ ၃■ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ■ | အားနည်းနေပါသည်။ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| | | | | |
| ၃ | ခမ္မစကူးလ် | ၁☐ ၂☐ ၃■ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ■<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အသင့်အတင့်ရှိပါသည်။ |
| ၄ | မီးသတ် | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ■ | အားနည်းနေပါသည်။ |
| ၅ | Pact | ၁■ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ■<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အားကောင်းပါသည်။ |
| ၆ | စိုက်ဘဏ် | ၁■ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ■<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အားကောင်းပါသည်။ |
| ၇ | | ၁☐ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ကျေးရွာမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန် သောကြောင့် ဖွံ့ဖြိုးမှုအသင့်အတင့်ရှိပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ငွေစု အဖွဲ့များ၊ ကိုယ်ထူကိုယ်ထ ငွေချေး အဖွဲ့အစည်းများရှိကြောင်းတွေ့ရှိရပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | (၁၂)ကေအထက် | (၅)ကေအထက် | (၂)ကေမှ(၅)ကေ | မရှိပါ |
| အိမ်အခြေအနေ | သွပ်မိုး/ပျဉ်ကာ | သွပ်မိုး/ပျဉ်ကာ | သွပ်မိုး/ဓနိကာ | ဓနိမိုး/ဓနိကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | လက်တွန်းထွန်စက်/ ရိတ်စက်/ခြွေလှေ့စက် | လက်တွန်းထွန်စက် | - | - |
| အဓိကစီးပွားရေး လုပ်ငန်း | စျေးဆိုင်/ငွေချေး | စျေးဆိုင် | လယ် | ကျပန်း |
| **အိမ်ထောင်စု** | ၁၃(၈.၅၆%) | ၅၁(၃၃.၅၆%) | ၅၈(၃၈.၁၅%) | ၃၀(၁၉.၇၃%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာ၏ စီးပွားရေးအဆင့်မှာ အဆင်ပြေသောအိမ်ထောင်စု ၁၃(၈.၅၆%)၊အလယ်အလတ်ရှိသောအိမ်ထောင်စု ၅၁(၃၃.၅၆%)၊ မပြေလည်သောအိမ်ထောင်စု၅၈(၃၈.၁၅%)၊ အလွန်မပြေလည်သောအိမ်ထောင်စု၃၀(၁၉.၇၃%)ရှိကြောင်းလေလာတွေ့ရှိရပါသည်။ လေ့လာတွေ့ရှိချက်အရ ကျေးရွာ၏စီးပွားရေး အခြေအနေမှာ အလယ်အလတ်အဆင့်ရှိသောအိမ်ထောင်စုမှာ များပြားပြီး အဆင်ပြေသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုအနည်းငယ်ရှိကြောင်းတွေ့ရှိရပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၀ | ၁၉.၇၃% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၂၀ | ၁၃.၁၅% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၃၈ | ၂၅% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား (၅ဟတ်တာထိ) | ၅၁ | ၃၃.၅၆% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၁၃ | ၈.၅၆% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | ၁၅၂ | ၁၀၀% | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။** ။စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သောကျေးရွာဖြစ်ပါသည်။သို့သော်မြေယာပိုင်ဆိုင်သောအိမ်ထောင်စုမှာ အသင့်အတင့်ရှိပြီး မြေယာ ပိုင်ဆိုင်မှု မရှိသောအိမ်ထောင်စုများလည်းရှိကြောင်းတွေ့ရှိရပါသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| မိုးစပါး | ၃၁၄ | တင်း | ၂၀ | ၄၀ | ၃၀ | နည်း |
| နွေစပါး | ၃၁၄ | တင်း | ၄၀ | ၆၀ | ၅၀ | နည်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ စိုက်ပျိုးမြေဧကစုစုပေါင်းမှာ(၃၁၄)ဧကရှိပါသည်။ စပါးသီးနှံကိုသာအဓိကထားပြီး နွေစပါးနှင့်မိုးစပါး(၂)မျိုးသာစိုက်ပျိုးကြပါသည်။ စိုက်ပျိုးမြေအများစုမှာကောင်းမွန်မှုမရှိခြင်း၊ စိုက်ပျိုးရေးနည်းပညာသိရှိမှုအားနည်းခြင်းတို့ကြောင့် စပါးအထွက်နှုန်းအလွန်နည်းပါးပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | - | - |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၂၀ | ၈၂ |
| ကြက် | ၆၅ | ၅၀၀ |
| ဘဲ | ၇ | ၇၅ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ရေချို ငါးဖမ်းလုပ်ငန်း | ၇၄ | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာအတွင်းတွင် ကြက်၊ဝက်၊ဘဲတို့ကိုတစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။မြစ်/ချောင်းနံဘေးကျေးရွာဖြစ်သဖြင့် ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများလည်းရှိပါသည်။ စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သောအိမ်ထောင်စုနည်းပါးကြောင်းတွေ့ရှိရပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | ၁ | - | - | နိမ့် |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၁ | ၂ | - | နိမ့် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၁ | - | - | နိမ့် |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၉ | - | ၁၈ | နိမ့် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | - | - | - | နိမ့် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | ၁၄ | - | ၁၄ | လတ် |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | - | ၅ | - | နိမ့် |
| ၁၃ | ကျန်းမာရေး | ၁ | - | - | နိမ့် |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ ) | - | ၇ | - | နိမ့် |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် တစ်ပိုင်တစ်နိုင်ဈေးငွေလုပ်ငန်းလုပ်ကိုင်သူဦးရေ နှင့် ရွှေ့ပြောင်းလုပ်ကိုင်သူဦးရေမှာ အသင့်အတင့်ရှိပြီး၊ကျေးရွာအတွင်း ကျပန်းလုပ်ငန်းလုပ်ကိုင်၍ နေထိုင်စားသောက်နေကြောင်းတွေ့ရှိရပါသည်။လေ့လာတွေ့ရှိချက်အရ ကျေးရွာမှာအလုပ်အကိုင် အခွင့်အလမ်း နည်းပါးကြောင်းတွေ့ရှိရပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | | |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင် ☑ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☑ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☑ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် ကုန်စည်နှင့်အသုံးအဆောင်ပစ္စည်းများကို အနီးဆုံးဈေး ဖြစ်သည့်ဝါးခယ်မမြို့သို့ သွားလာ၍ ဝယ်ယူကြပါသည်။ လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်ပြီး မြို့နှင့် (၃)မိုင်ခန့်သာကွာဝေးပါသည်။မြို့သို့ ကုန်းလမ်း၊ရေလမ်း(၂)မျိုးစလုံးဖြင့်သွားလာနိုင်ပြီး ဆိုင်ကယ်၊ကား၊ထော်လာဂျီ၊သုံးဘီးဆိုင်ကယ်၊လှေ၊စက်လှေတို့ကို အသုံးပြုကြပါသည်။ကျေးရွာ၏ ကုန်စည်နှင့်ဝန်ဆောင်မှု၊လက်လှမ်းမီမှုအခြေအနေမှာကောင်းမွန်မှုရှိကြောင်းတွေ့ရှိရပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| **လမ်း အမျိုးအစား** | **အမျိုးအစား** | **အရည်အသွေး** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | **လမ်းအရှည် (မိုင်)** |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း ☐ သင့် ☐ ညံ့ ☑ | ပွင့်လင်း ရာသီ ☑ တစ်နှစ်ပတ်လုံး ☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☑ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐ |
| ချဉ်းကပ်လမ်း | ၁☑ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း ☐ သင့် ☐ ညံ့ ☑ | ပွင့်လင်း ရာသီ ☑ တစ်နှစ်ပတ်လုံး ☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☑ ၅–၁၀ မိုင် ☐ |

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | | | | ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် ဝါးခယ်မ-ကျုံမငေးကားလမ်းဘေးတွင်တည်ရှိသောကြောင့် လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်သောကျေးရွာဖြစ်ပါသည်။ သို့သော်ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းအမျိုးအစားဖြစ်သဖြင့် တစ်နှစ်ပတ်လုံးသွားလာ၍မရဘဲ ကုန်စည်စီးဆင်းမှုမှာနှောင့်နှေး ကြန့်ကြာမှုရှိပြီး ကျောင်းသား/သူများနှင့်ပြည်သူများလည်း သွားရေးလာရေး အခက်အခဲရှိနေ ပါသည်။ ကျေးရွာတွင်းလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက တစ်နှစ်ပတ်လုံးလွယ်ကူ စွာသွားလာနိုင်မည်ဖြစ်ပြီးကျေးရွာ၏ ကျန်းမာရေး၊ ပညာရေး၊စီးပွားရေးကဏ္ဍများဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါသည်။

## (၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် မြစ်ချောင်းနံဘေးတွင်တည်ရှိသဖြင့် ရေလမ်းခရီးကို တစ်နှစ်ပတ်လုံးအသုံးပြုကြပါသည်။ကုန်စည်များသယ်ယူပို့ဆောင်ရာတွင်လည်း ရေလမ်းခရီးကို အသုံးပြုကြပြီး ကျေးရွာမှ အနီးဆုံး ဝါးခယ်မမြို့သို့ရေလမ်းခရီးဖြင့်သွားလာရာတွင် (၃)မိုင်ခန့် သာကွာဝေးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၅၁ | ၅၁ | ၁၇ | ၃၉ | ၂ | ၂ | ၁ | - | - |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်လမ်းခရီး၊ ရေလမ်းခရီး(၂)မျိုးစလုံးဖြင့်သွားလာနိုင်ပါသည်။ပို့ဆောင်ရေးယာဉ်များအဖြစ် လှေသမ္ဗာန်၊စက်လှေ၊ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့်ကား တို့ကိုအသုံးပြု ကြပါသည်။ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် စက်လှေ၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့်ကားတို့ကို အဓိကထားအသုံးပြုကြသည်ကိုတွေ့ရှိရပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၈၈ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၁၁ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၅၃ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ ဆိုလာမီးဖြင့်အသုံးပြုကြပြီး အချို့သောအိမ်ထောင်စုများမှာ ဒီဇယ်အင်ဂျင်၊ဖယောင်းတိုင်၊မီးခွက်တို့ဖြင့် မီးအသုံးပြုကြပါသည်။ ဆိုလာစနစ်ကိုအများဆုံး အသုံးပြုကြသဖြင့် မိုးရာသီတွင် မီးသုံးစွဲမှုအခက်အခဲရှိပါသည်။ (11KV)လျှပ်စစ်မဟာဓါတ်အား လိုင်းနှင့်အနည်းငယ်သာကွာဝေးသဖြင့် ကျေးရွာသို့ လျှပ်စစ်မဟာဓါတ်အားလိုင်းနှင့် ချိတ်ဆက်ရန် လွယ်ကူအဆင်ပြေပါသည်။ လျှပ်စစ်မီးရရှိပါက ကျေးရွာပြည်သူများနှင့် ကျောင်းသား/သူများ လူနေမှုအဆင့်အတန်းများမြင့်မားလာမည်ဖြစ်ပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၈၅ | ၄၄ | ၈၉ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် ဖုန်းတာဝါတိုင်နှင့်အလှမ်းမဝေးသဖြင့် ဖုန်း နှင့် အင်တာနက်လိုင်းများကို အဆင်ပြေစွာအသုံးပြုနိုင်ပြီး သတင်းအချက်အလက်များကို လွယ်ကူစွာ ရရှိနိုင်ပါသည်။အိမ်ထောင်စုအများစုမှာ တီဗီ၊ စလောင်း၊ ရေဒီယိုတို့ကိုအသုံးပြုကြကြောင်း တွေ့ရှိရ ပါသည်။

## (၆) ပညာရေး

## (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၅ | ၃၉ | ၆၄ |
| အလယ်တန်း | ၁၀ | ၆ | ၁၆ |
| အထက်တန်း | ၇ | ၁၁ | ၁၈ |
| တက္ကသိုလ်/ကောလိပ် | ၄ | ၂ | ၆ |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပြီးကျေးရွာ၏ ကျောင်းတက်နှုန်းမှာ(၁၀၄)ဦးရှိပါသည်။ ကျောင်းတက်နှုန်းမှာ ကျေးရွာလူဦးရေ၏ (၁၉.၂၅) ရာခိုင်နှုန်းခန့်သာ ရှိသဖြင့် ကျောင်းတက်နှုန်းဦးရေနည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☑<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☑<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☑ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☑<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☑ | ခြေလျင် ☐<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☑ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၁၀၀'×၆၀' | - | - |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☑ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ | ကောင်း☐ သင့်☐ ညံ့☐ |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☑ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ |

| **ဇ။** ကျောင်းဆရာ/မ ဦးရေ | (၁) ကျား | (၁) မ | (၁) ပေါင်း | (၂) ကျား | (၂) မ | (၂) ပေါင်း | (၃) ကျား | (၃) မ | (၃) ပေါင်း |
|---|---|---|---|---|---|---|---|---|---|
| အစိုးရခန့် | - | ၃ | ၃ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်မူလတန်းကျောင်း(၁)ကျောင်းရှိပါသည်။ ကျောင်းအမျိုးအစားမှာအုတ်ညှပ်သွပ်မိုးအမျိုးအစားဖြစ်ပါသည်။ကျောင်း၏ကြမ်းခင်းဧရိယာမှာ (၁၀၀ ’×၆၀ ’)ရှိပြီး၊ ကျောင်းအိမ်သာမှာ ကောင်းမွန်မှုမရှိပဲ အသင့်အတင့်သာရှိပါသည်။ကျောင်းတွင် အစိုးရခန့်ဆရာမ (၃)ဦးရှိပါသည်။ကျောင်းသုံးပရိဘောဂပစ္စည်းများလည်းလိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☐ | မရှိ■ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်■ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ■ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ■ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ■ |
| ၆ | တီဘီ | မြင့်☐ | နိမ့်■ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်■ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်■ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ ) | မြင့်☐ | နိမ့်■ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ■ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ■ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သွေးလွန်တုပ်ကွေး၊ တီဘီ၊ ဆီးချို၊ အသည်းရောဂါ(ဘီ၊စီ) တို့သာ အနည်းငယ်ဖြစ်ပွားပြီး အခြားကူးစက်ရောဂါများဖြစ်ပွားမှုမရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

### (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | ✓ |
| ၃ | ပိုလီယိုရောဂါ | | ၊ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | | ၊ |
| ၅ | ဝက်သက်ရောဂါ | | ၊ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ၊ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ၊ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ၊ | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ကျန်းမာရေးဌာနခွဲများမှ စုပေါင်းကာကွယ်ဆေးထိုးနှံခြင်း၊ အာဟာရမှတ်တမ်းကောက်ယူမှုနှင့် အာဟာရပညာပေးခြင်းအစီအစဉ်များကို သတ်မှတ်ကာလ အလိုက် လာရောက်ဆောင်ရွက်ပေးပါသည်။

### (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☑<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိပဲ ကျန်မာရေးအတွက် အခြားနီးစပ်ရာမြို့နယ်ဆေးရုံ၊တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများသို့သွားလာရပါသည်။ ကျေးရွာမှအနီးဆုံး မြို့နယ်ဆေးရုံသို့(၃)မိုင်ခန့်၊ တိုက်နယ်ဆေးရုံသို့(၇)မိုင်ခန့်နှင့် ကျေးလက်ကျန်းမာရေးဌာနသို့(၁)မိုင်ခန့်သွားလာရပြီး အများဆုံးကုန်းလမ်းခရီးဖြင့် သွားလာကြပါသည်။ ဆေးရုံများရှိ အခန်း/ ကုတင်တို့မှာ လုံလောက်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

#### (၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| အဝီစိတွင်း/ စက်တပ် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| အဝီစိတွင်း/ တုံကင် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| မိုးရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| သိုလှောင်ကန် | | | |
| မြစ်/ချောင်းရေ | ၁၅၂ | ကောင်း☐ သင့်☐ ညံ့☐ | တစ်နှစ်ပတ်လုံး |
| ရေကန် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာမှာ သောက်သုံးရေအတွက် မြစ်/ချောင်းမှ အဓိကထားအသုံးပြု ကြပါသည်။ မြစ်/ချောင်းရေကို တစ်နှစ်ပတ်လုံးအသုံးပြုကြသော်လည်း နွေအခါတွင်ချောင်းရေ တိမ်ကောမှုရှိသဖြင့် သောက်သုံးရေနှင့်စိုက်ပျိုးရေတို့မှာ များစွာအခက်အခဲရှိပါသည်။ကျေးရွာတွင် အဝီစိစက်ရေတွင်းတူးဖော်ပေးပါက သောက်သုံးရေဖူလုံမှုရှိလာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

### (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၄၄ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၃၈ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ ရေလောင်း/ယာဉ်လုံ အိမ်သာများကို အသုံးပြုကြပြီး အချို့အိမ်သာမရှိသောအိမ်ထောင်စုများမှာ နီးစပ်ရာအိမ်များသို့ သွားလာအသုံးပြု ကြပါသည်။

## (၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | ဖူလုံမှုရှိ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နွေရာသီတွင်စိုက်ပျိုးရေမလုံလောက် |
| ၃ | ရေကြီးခြင်း | မရှိ |
| ၄ | မိုးခေါင်ခြင်း | မရှိ |
| ၅ | အအေးလွန်ကဲခြင်း | မရှိ |
| ၆ | မုန်တိုင်း | မရှိ |
| ၇ | ငလျင် | မရှိ |
| ၈ | မီးဘေး | မရှိ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိ |
| ၁၃ | တီဘီရောဂါ | မရှိ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိ |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ထိခိုက်ခြင်းမရှိပါ။ နွေရာသီတွင်သာစိုက်ပျိုးရေအတွက် အခက်အခဲရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နီမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | အသင့်အတင့်ရှိပါသည်။ |
| အပင်မျိုးစိတ်များ | နိမ့် | အပင်မျိုးစိတ်များရှားပါးပါသည်။ |
| ရေအရင်းအမြစ် | လတ် | ကျေးရွာမှာမြစ်/ချောင်းနံဘေးတွင်တည်ရှိပါသည်။ |
| ငါးမျိုးကွဲများ | နိမ့် | ရှားပါးပါသည်။ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | မရှိပါ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ မြေဩဇာအခြေအနေမှာ အသင့်အတင့်ရှိပြီး အပင်မျိုးစိတ်များမှာရှားပါးပါသည်။မြစ်ချောင်းနံဘေး ကျေးရွာဖြစ်သဖြင့် ရေရရှိမှုရှိသော်လည်း ချောင်းရေမှာ တိမ်ကောမှုရှိလာပါသည်။ငါးမျိုးကွဲများရှားပါပြီး အခြားတိရိစ္ဆာန်မျိုးကွဲများမရှိပါ။

**(၁၀ ကျား – မ ရေးရာ**

ဇယား (၂၅) ကျား –မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☑ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ | ရှိ ☑ | မရှိ ☐ |

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| | တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | | |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အခြားလူမှုရေးအသင်း အဖွဲ့များရှိပြီး လူကြီး/လူငယ်များပူးပေါင်းပါဝင်ဆောင်ရွက်ကြသော်လည်း အမျိုးသမီးများပါဝင် ဆောင်ရွက်မှုမှာ အားနည်းနေကြောင်းတွေ့ရှိရပါသည်။

## အပိုင်း(ခ) စီမံချက်ဆိုင်ရာအချက်အလက်

**ပုံစံ (၁)**

**စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ(Project profile)**

**ကျေးရွာ** - ရွာသစ်ကုန်း

**ကျေးရွာအုပ်စု** - ရွာသစ်ကုန်း

**မြို့နယ်** - ဝါးခယ်မ

**တိုင်းဒေသကြီး/ပြည်နယ်** - ဧရာဝတီတိုင်းဒေသကြီး

**စီမံချက်အမည်** - ရွာသစ်လမ်းကွန်ကရစ်ခင်းခြင်း

**စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ**

- လက်ရှိလမ်းအခြေအနေမှာ မြေသားလမ်းဖြစ်ပြီး မိုးများသောဒေသဖြစ်သည်နှင့်အညီ ရာသီမရွေးသွားလာရန် ခက်ခဲနေပါသည်။
- မိုးရာသီတွင် ကျေးရွာပြည်သူများ၏ ပညာရေး၊ကျန်းမာရေး၊စီးပွားရေး၊လူမှုရေးကိစ္စရပ်များဆောင်ရွက်ရာတွင် ကြန့်ကြာခက်ခဲမှုများ ရှိနေပါသည်။

**စီမံကိန်း၏ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးလက်နေပြည်သူများ၏ သွားလာရေးပိုမိုလွယ်ကူစေရန်နှင့် ကျေးရွာ၏လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားတိုးတက်လာစေရန်

**မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကွန်ကရစ်လမ်းခင်းခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ လူနေမှု အဆင့်အတန်းတိုးတက်လာမည်။
- ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာခြင်းနှင့် ပညာရေး၊ကျန်းမာရေး၊လူမှုရေးကဏ္ဍများတိုးတက်မြင့်မားလာမည်။

**စီမံကိန်းဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)**

- ကျေးရွာရွာမလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေကျပ်သန်း(၁၀)သန်း ၊ ပြည်သူထည့်ဝင်ငွေကျပ်သန်း(၃)သန်း ၊ စုစုပေါင်းကျပ်သန်း(၁၃)ဖြင့် (၉၀၀ ' ×၈ ' ×၆") ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

| ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့်အစီအစဉ်** |
| • ၁၀၀၀၀၀၀၀၀ ကျပ်<br>• ၃၀၀၀၀၀၀၀ ကျပ်<br>• ------------- (ပစ္စည်း/လုပ်အား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• **ကျေးရွာ**<br>• **ကျေးရွာ** |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၂၅၇ | ၂၈၃ | ၅၄၀ | ၁၃ | ၅၁ | ၅၈ | ၃၀ | ၁၅၂ |
| **အကျိုးခံစားမည့်ဦးရေ** | ၂၅၇ | ၂၈၃ | ၅၄၀ | ၁၃ | ၅၁ | ၅၈ | ၃၀ | ၁၅၂ |
| မှတ်ချက်။ ချောင်လည်အဆင့်၁၊အလယ်အလတ်အဆင့်၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်**

| | |
|---|---|
| (၁) | **တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)**<br>ကျေးလက်ဖွံ့ဖြိုးရေးကော်မတီနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) | **စီမံချက်စတင်မည့်အချိန်(ခန့်မှန်း)** -၂၀၁၈ ခုနှစ် ၊ဩဂုတ်ပထမအပတ် |
| (၃) | **စီမံချက်ပြီးစီးမည့်အချိန်(ခန့်မှန်း)** -၂၀၁၈ ခုနှစ် ၊စက်တင်ဘာလပထမအပတ် |
| (၄) | **ကျေးရွာထည့်ဝင်ငွေမှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်** |
| * | ကျေးရွာဘက်မှ သင့်တင့်သောငွေကြေးထည့်ဝင်ပါမည်။ |
| * | ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာလူထုမှလည်း လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်သွားပါမည်။ |
| (၅) | **လုပ်ငန်းလည်ပတ်ရေး ၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ** |
| * | ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက်ကျေးရွာ၏ လိုအပ်ချက်များ ဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲပါမည်။ |
| * | ကွန်ကရစ်ခင်းခြင်းနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။ |

| | |
|---|---|
| * | ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးချိန်တွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ပြည်သူများမှ တာဝန်ယူထိန်းသိမ်းသွားပါမည်။ |
| * | စီမံကိန်းပြီးလျှင်ပြီးခြင်း သက်ဆိုင်ရာဦးစီးထံသို့ အထောက်အထားများနှင့်တကွပြီးကြောင်း အစီရင်ခံစာပေးပို့ပါမည်။ |